# ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (က) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်---

(က) ပုဒ်မ ၁၅ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များသည် မိမိတို့အထဲမှ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယ ဥက္ကဋ္ဌ တစ်ဦးနှင့် အတွင်းရေးမှူး တစ်ဦး တို့ကို ရွေးချယ်တင်မြှောက်၍ လွှတ်တော်၏အတည်ပြုချက်ကို ရယူရမည်၊

၃။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁) ကို အောက်ပါ ပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည်---

(၁) နိုင်ငံတော်ကောင်စီက တင်သွင်းသော နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှ အပ ဖြစ်သော နိုင်ငံတော်ကောင်စီဝင် ၄ ဦး၊